ဇင်ယော်နီ

ကျားလေးဘကောင်း နှင့် ဝသဝတ္တိရှုံးသကိုမှ

စာရေးသူ၏ ရှားရှားပါးပါး တစ်မူထူးခြား စုံထောက်ဝတ္ထု

ဇင်ယော်နီ
ကျားလေးဘကောင်းနှင့် ဝသဝတ္တီလူသတ်မှု

*

အခန်း(၁)

နှစ်လောင်းခွဲလူသတ်မှု

*

တစ်နေ့သ၌ ကျွန်ုပ်သည် တောင်တွင်းကြီးဂါတ်ရှိ ကျွန်ုပ်၏ ရုံးခန်းအတွင်းဝယ် အေးအေးလူလူထိုင်ရင်း ပင်စင်သွားခါနီး ပုလိပ်ကြီး ကိုစိန်ထွန်းနှင့်အတူ ရောက်တတ်ရာရာ စကားများကို ပြောဆိုနေခဲ့လေ၏။

"အိုင်ဆေး ဆရာကျော်စိုး...၊ ညတုန်းက ရွှေအင်းတောင် ဘုရားပွဲမှာ က သွားတဲ့ ‘ဗမာစိန်’ အငြိမ့်က ဝသဝတ္တီနတ်ပြည် ယိမ်းဆိုတာ တော်တော် နာမည်ကြီးနေပေါ့လားဗျ..."

ဟု ပုလိပ်ကြီး ကိုစိန်ထွန်းက ပြောလျှင် ကျွန်ုပ်က -

"ဟုတ်ပ့ါ ကိုစိန်ထွန်းရေ... ဟုတ်ပ့ါ၊ အဲဒီယိမ်းက တော်တော်ကိုပဲ နာမည်ကြီးနေလို့ ပွဲတောင်းခံရတယ်ဆိုပဲ၊ ဒီည နောက်ဆုံးညဗျ...၊ ဒီညမှာ လည်း အဲဒီယိမ်းပါဦးမယ်လို့ သတင်းရတယ်၊ ကျုပ်တော့ အိမ်က မိသားစု

တွေကိုပါခေါ်ပြီး သွားကြည့်ဦးမယ်လို့ စိတ်ကူးထားတယ်၊ ဂေါပက ကိုကြီးမြင့်ကလည်း ကျုပ်တို့အတွက် ဖျာစီစဉ်ထားမယ်လို့ ပြောတယ်..."

ဟု ပြန်၍ ပြောလိုက်ရလေ၏။ ထိုအခါ ပုလိပ်ကြီးကိုစိန်ထွန်းက -

"သွားပေါ့ ဆရာရယ်...၊ ဆရာတို့က ဆရာကိုးဗျ...၊ သွားနိုင်ပေမှာပေါ့၊ ကျွန်တော်ကတော့ ဒီည ဂါတ်မှာ တာဝန်ကျနေလို့ မသွားနိုင်တော့ပါဘူး ဆရာရယ်၊ အဲဒီက ယိမ်းသမလေးတွေဟာ တော်တော့်ကို ချောတယ်ဆိုပဲဗျ...၊ ကြည့်ဖြစ်အောင်တော့ ကြည့်လိုက်ချင်သား..."

ဟု ခပ်ညည်းညည်း ကလေး ပြောလေ၏။

တောင်တွင်းကြီးမြို့ ရွှေအင်းတောင် စေတီတော်ကြီးတွင် နှစ်စဉ် တပေါင်းလတိုင်း၌ ဘုရားပွဲတော် ကျင်းပလေ့ရှိလေ၏။ အနယ်နယ်အရပ်ရပ်မှ ဈေးသည်များ စုံညီစွာလာရောက် ခင်းကျင်း ရောင်းချသည့်အပြင် ဇလာပွဲ၊ အငြိမ့်များလည်း ပါဝင်သောကြောင့် လွန်စွာမှ စည်ကားလေ၏။ မြို့နီးဝန်းကျင်မှ နယ်သူနယ် သားများသည် ပေါင်းမိုးတပ် နွားလှည်းကြီးများဖြင့် ဘုရားပွဲသို့ လာရောက်ကြသည်မှာ လှည်းဝင်ရိုးသံ တညံညံ၊ နွားငေါက်သံ တညံညံ၊ ဖုန်တထောင်းထောင်းဖြင့် ကြည်နူးဖွယ်ရာလည်း ကောင်းလှပေတော့၏။

အာဂန္တုဈေးသည်များ၊ ဘုရားဖူးဧည့်သည်များဖြင့် ကြက်ပျံ မကျ စည်ကားလှပေရာ ကျွန်ုပ်တို့ ပုလိပ်အဖွဲ့မှာလည်း နဖူးက ချွေးပင် မသုတ်နိုင်လောက်အောင် အလုပ်များရသော ကာလလည်း ဖြစ်လေတော့၏။

ရွှေအင်းတောင်စေတီတော် တောင်ဘက်စောင်းတန်း၏ အရှေ့ဘက်ရှိ ကွက်လပ်ကြီးတွင် ဇလာပွဲများ အလှည့်ကျ ကပြကြရာ မန္တလေးမြို့မှ နာမည်ကျော် 'ဗမာစိန်' ဟူသော ဇာတ်အဖွဲ့သည် ပွဲတော်၏ နောက်ဆုံးသုံးညတွင် အလှည့်ကျလေ၏။ ထိုဇာတ်အဖွဲ့တွင် ဝသဝတ္တီနတ်ပြည် ယိမ်း

ဟူသော အစီအစဉ် တစ်ခုလည်း ပါလေ၏။

ထိုယိမ်းမှာ တက္ကသိုလ်မှ ပညာသင်ယူပြီး ပြန်လာကြသော မင်းသားညီနောင် (၇)ဦးတို့သည် တောတွင်း၌ မျက်စိလည်ကာ ဝသဝတ္တိ နတ်ပြည်သို့ ရောက်ရှိသွားကြပြီး နတ်သမီးလေး (၁၄)ယောက်နှင့် သွားရောက် ဆုံစည်းကြပုံကို သရုပ်ဖော်ထားခြင်း ဖြစ်၏။ မြန်မာတေးသွားနှင့်အတူ မြူးကြွသွက်လက်သော ကုလားဗုံတီးလုံးများကိုပါ ရောမွှေတီးခတ်ထားရာ လူငယ်လူရွယ်၊ ကာလသား၊ ကာလသမီးသာမက လူကြီးပိုင်းတို့ပါ အထူးသဘောကျ နှစ်ခြိုက်ကြသော အစီအစဉ် ဖြစ်လေတော့၏။ ထိုယိမ်းတွင် 'အို...လေ...ဝသဝတ္တိ...၊ အို...လေး...ဝသဝတ္တိ' ဟု သံပြိုင်ရွတ်သော အပိုဒ် မကြာခဏပါလေရာ ထိုသံစဉ်မှာ လူ အများတို့၏ နားသောတ၌ စွဲငြိလွယ်သည် ဖြစ်သောကြောင့် တောင်တွင်းကြီး တစ်မြို့လုံးမှ ကလေးငယ်များသည် နောက်တစ်နေ့နံနက်မှာပင် ၎င်းတို့ မှတ်မိလိုက်သော ထိုစာသားကို အော်ဟစ်ရွတ်ဆို ခုန်ပေါက်နေကြတော့၏။ ထို့ကြောင့် တောင်တွင်းကြီးတစ်မြို့လုံး ဈေး၌လည်းကောင်း၊ ဘူတာရုံ၌လည်းကောင်း၊ ရပ်ကွက်များအတွင်း၌ လည်းကောင်း ကလေးများ၏ 'အို...လေ...ဝသဝတ္တိ...၊ အို...လေး...ဝသဝတ္တိ' ဟု သီဆို အော်ဟစ်သံ များဖြင့် ရှောင်၍မလွတ်နိုင်လောက်အောင် ဖြစ်ရလေတော့၏။

ထို့ကြောင့်ပင်လျှင် ဗမာစိန်ဇာတ်အဖွဲ့၏ ဝသဝတ္တိယိမ်း သည် ပို၍နာမည်ကျော်ကြား ရေပန်းစားခဲ့ရလေတော့၏။ ထိုသတင်းကိုကြားသော ကျွန်ုပ်၏ဇနီး ဒေါ်စုဇီသင်းသည် ဓွတ်အတင်း ပူဆာသောကြောင့် ကျွန်ုပ်လည်း ကျွန်ုပ်မိတ်ဆွေ ဂေါပက ကိုကြီးမြင့်အား အကူအညီတောင်းလိုက်ရာ ၎င်းကိုကြီးမြင့်က ကျွန်ုပ်တို့မိသားစုအတွက် ဖျာနေရာ စီစဉ်ထားမည့်အပြင် ပွဲတော်ဈေးခင်းမှ နာမည်ကျော် ဦးတုတ်ကြီး ဘူးသီးကြော်နှင့်

ရေနွေးကြမ်းတို့ကိုပါ စီစဉ်ထားမည် ဖြစ်ကြောင်းဖြင့် အကြောင်း ပြန်ကြား ခဲ့လေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ခေါင်းကိုက်သည်ကို အကြောင်းပြ၍ ရုံးမှ စောစောဆင်းရန် အကြံထုတ်နေခိုက် အထက်ကအတိုင်း ပုလိပ်ကြီး ကိုစိန်ထွန်းနှင့် စကားလက်ဆုံ ကျနေခြင်း ဖြစ်လေတော့၏။

ထိုအချိန်၌မှာပင် ကျွန်ုပ်တို့ဂါတ်မှ ဂါတ်စာရေးလေး မောင်မြင့်ဦးသည် စက်ဘီး အစုတ်ကလေးကို တချောက်ချောက် နင်းလျက် ရောက်ရှိလာကာ ရုံးခန်း၏ရှေ့ ကုက္ကိုပင်တွင် စက်ဘီးကို ထောင်ထားလိုက် ပြီးသည့်နောက် ကျွန်ုပ်၏ အခန်းအတွင်းသို့ အမောတကောဖြင့် ပြေးဝင်လာလေ၏။ ၎င်းသည် ကျွန်ုပ်အား အလျှင်စလို ပြီးပြီးရော အရိုအသေ ပြုလိုက်ပြီးသည် နောက် -

"ဆရာရေ... ဘုရားပွဲတော် တစ်လျှောက်လုံး ဘာပြဿနာမှ မဖြစ်ခဲ့ဘူး၊ ဒီနေ့ နောက်ဆုံးနေ့ကျမှပဲ မီးလောင်တော့တာပဲ ဆရာရေ..."

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း မျက်ခုံးများ မြင့်တက်သွားကာ -

"မီး... မီးလောင်တယ် ဟုတ်လား၊ ဘယ်နားမှာ လောင်တာလဲ၊ ငါ့အိမ်နဲ့နီးလား..."

ဟု ပြာပြာသလဲမေးလိုက်ရာ မောင်မြင့်ဦးက -

"မီးတကယ်လောင်တာ မဟုတ်ဘူး ဆရာရဲ့ စကားတင်စားပြီး ပြောလိုက်တာပါ၊ လူသတ်မှုဖြစ်တာ ဆရာရေ၊ လူသတ်မှုဖြစ်တာ...၊ နှစ်လောင်းခွဲ လူသတ်မှုဖြစ်တာ..." ဟု ပြန်၍ ပြောလေ၏။

"ဘယ်လို... ဘယ်လိုနှစ်လောင်းခွဲ လူသတ်မှုလဲ...၊ ဗမာစကားကို ဗမာနားလည်အောင် ပြောစမ်းပါကွ..."

ဟု ကျွန်ုပ်က ခပ်ငေါက်ငေါက် ပြန်၍ မေးလိုက်လျှင် မောင်မြင့်ဦးက-

"ဒီလိုပါ ဆရာရယ်...၊ သတ်တာကတော့ သုံးယောက် အသတ်ခံရတာပါ၊ ဒါပေမဲ့ နှစ်ယောက်က ပွဲချင်းပြီးသေပြီး တစ်ယောက်ကတော့ မသေမရှင် ဖြစ်နေတယ်..." ဟု ပြောလေ၏။ ထို့နောက် ၎င်းကပင် ဆက်လက်၍ -

"ဗလီနားလေးမှာ စက်ချုပ်တဲ့ ကိုဒါဝတ်မိသားစုကို သိတယ်မဟုတ်လား၊ ကိုဒါဝတ်ရယ်၊ သူ့မိန်းမ ဖာတမာရယ်၊ သူတို့သားလေး ဟာရှင်ရယ် အသတ်ခံရတာ ဆရာရဲ့..၊ ကိုဒါဝတ်နဲ့ ဟာရှင်လေးကတော့ အနိစ္စသဘော နဲ့ ကိစ္စချောသွားကြပြီ၊ ဒေါ်ဖာတမာကြီးကတော့ အသက်ငွေ့ငွေ့လေး ရှိသေးတယ်၊ သတိပြန်လည်လာလိုက်၊ ပြန်မျောသွားလိုက် ဖြစ်နေတယ်လို့ အဲဒီ နားလေးက ဆယ်အိမ်ခေါင်းက သတင်းလာပို့ပါတယ်..."

ဟု အစီရင်ခံလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း နံရံတွင်ချိန်ထားသော အင်္ကျီကိုဖြုတ်၍ စွပ်ကျယ်ပေါ်မှထပ်ကာ ကပျာကရာ ဝတ်ရလေ၏။ ဦးထုပ်ကိုဆောင်းရလေ၏။ ထို့နောက် ပုလိပ်ကြီးကိုစိန်ထွန်း၊ ပုလိပ်ကိုမျိုးကျော်၊ ကိုညီအောင်တို့ကိုပါ ခေါ် ယူကာ ဂျစ်ကားဖြင့် အခင်းဖြစ်ပွားရာ နေရာသို့ အပြင်း မောင်းထွက်လာခဲ့လေတော့၏။

အခင်းဖြစ်ပွားသော အိမ်ရှေ့တွင် လူအများ ကြိတ်ကြိတ်တိုး ဝိုင်းအုံနေကြသည်ကို တွေ့ရလေ၏။ ပုလိပ်ကြီးကိုစိန်ထွန်းက လမ်းဖယ်ပေးရန် ပြောသော်လည်း လူများက အူကြောင်ကြောင် လုပ်နေကြသဖြင့် ခါးပတ်ကိုချွတ်ကာ ဝှေ့ယမ်းကြိမ်းမောင်းမှပင် လမ်းကြောင်း ပွင့်သွားသောကြောင့် ကျွန်ုပ်တို့လည်း အခင်းဖြစ် သော နေရာသို့ ဝင်နိုင်ကြလေ၏။

အသတ်ခံရသော ကိုဒါဝတ်တို့၏ အိမ်သည် သုံးပင် ပျဉ်ထောင်အိမ်ကလေးတစ်လုံး ဖြစ်၏။ အိမ်ရှေ့တွင် အဖီကလေး ဆွဲထားကာ စက်ချုပ်

ဆိုင် ဖွင့်ထား၏။ အိမ်နောက်တွင်လည်း အဖီတစ်ခုဆွဲကာ မီးဖိုချောင်နှင့် ထမင်းစားခန်းကို သီးသန့်လုပ်ထားကြောင်း တွေ့ရလေ၏။

အိမ်မကြီးမှ မီးဖိုခန်းသို့ အကူး အဝင်ဝကလေးတွင် ကိုဒါဝတ်၏သား ဆယ့်လေးနှစ်ခန့်အရွယ် ဟာရှင်ကလေးသည် ခေါင်းပြတ်လုမတတ် ဓားဒဏ်ရာကြီးဖြင့် မရှူမလှ သေဆုံးနေသည်ကို တွေ့ရလေ၏။

မီးဖိုခန်းထဲတွင်မူ ထမင်းစားပွဲဘေး ဖျာပေါ်၌ ကိုဒါဝတ်နှင့် ၎င်း၏ဇနီး ဒေါ်ဖာတမာတို့အား ဓားဒဏ်ရာများဖြင့် လဲကျနေသည်ကို တွေ့ရလေ၏။ ကိုဒါဝတ်သည် အသက်ကင်းမဲ့နေပြီ ဖြစ်၏။ ဒေါ်ဖာတမာမှာမူ အသက်ငွေ့ငွေ့ကလေး ကျန်နေသေးသည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် မီးဖိုခန်းတစ်ခုလုံးအား မျက်စိကစား၍ ဝေ့ဝဲ ကြည့်ရှုလိုက်ပြီးနောက် သွေးအိုင်ထဲ၌ လဲကျ သတိလစ်နေသော ဒေါ်ဖာတမာ၏ ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ကာ လက် ကောက်ဝတ်ကိုကိုင်၍ သွေးစမ်းကြည့်လိုက်လေ၏။ ဘယ်ဘက် ရင်အုံပေါ်သို့ လက်တင်၍လည်း နှလုံးခုန် မခုန်ကို စမ်းကြည့်လိုက်လေ၏။ ကျွန်ုပ်နှင့်အတူ အနီး၌ ပုလိပ်ကိုညီအောင်လည်း ရှိနေလေ၏။

ထိုအချိန်၌မှာပင် ဒေါ်ဖာတမာကြီးသည် သတိလည်လာကာ မျက်စိပွင့်လာလေ၏။ ပုလိပ်ကိုညီအောင်သည် ဝမ်းသာအားရဖြင့် ဒေါ်ဖာတမာကြီး၏ လက်အား ဖွတ်အတင်းဆွဲလှုပ်ရင်း -

"ဘယ်သူသတ်တာလဲ... ဘယ်သူသတ်တာလဲ၊ ခင်ဗျား တို့ကို သတ်သွားတာ ဘယ်သူလဲ..."

ဟု ဖွတ်အတင်း မေးလေ၏။

ဒေါ်ဖာတမာကြီးကမူ လေသံ ယဲ့ယဲ့ကလေးဖြင့် ရေကိုသာ တွင်တွင်

တောင်းလေ၏။ ပုလိပ်ကိုညီအောင်က -

"ရေက အရေးမကြီးပါဘူး…၊ ခင်ဗျားတို့ကို သတ်သွားတာ ဘယ်သူလဲ ဆိုတာကိုသာ မြန်မြန်ပြောစမ်းပါ…"

ဟု ဇွတ်အတင်း မေးနေလေ၏။

ဒေါ်ဖာတမာကြီးသည် ပြာဝေနေသော မျက်လုံးများဖြင့် ကျီးကန်းတောင်းမှောက် ကြည့်ရင်း စကားတစ်ခွန်းကို ရေရွတ်ကာ သတိ ပြန်လစ်သွားလေ၏။ အမှန်စင်စစ်အား ဖြင့် ထိုသို့ သတိလစ်ခြင်းနှင့်အတူ အလ္လာအရှင်မြတ်၏ အမိန့်တော်ကိုပါ ခံယူ၍ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ရှာပြီဖြစ်၏။

ကျွန်ုပ်နှင့် ပုလိပ်ကိုညီအောင်တို့သည် တစ်ဦးနှင့်တစ်ဦး ပြိုင်တူ ကြည့်လိုက်မိကြလေ၏။ ထိုသို့ကြည့်ခြင်းနှင့်အတူ တစ်ဦးနှင့်တစ်ဦးလည်း ပြိုင်တူ မျက်စပစ်လိုက်မိကြလေ၏။ သဘောမှာ ဘယ်လိုလဲ၊ ဘာလဲ' ဟူသော သဘောမျိုးဖြစ်ကြလေ၏။ ထို့နောက် ကျွန်ုပ်ကပင် -

"သူ ဘာပြောသွားတာလဲ၊ ဒီမိန်းမကြီး အသက်ထွက်ခါနီးမှာ စကားတစ်ခွန်း ပြောသွားတယ်လေ…၊ အဲဒါဟာ လူသတ် တရားခံရဲ့နာမည်ကို ပြောသွားတာဖြစ်နိုင်တယ်…"

ဟု မေး လိုက်ရာ ပုလိပ်ကိုညီအောင်က -

"ကျွန်တော်လည်း အဲဒါကိုပြောမလို့ပဲ…၊ သူစကား တစ်ခွန်းတော့ ပြောသွားတယ်…၊ အသက်အထွက်မှ ပြောသွားတာဆိုတော့ ဗလုံးပထွေးကြီးဖြစ်သွားတယ်၊ ကျွန်တော့်နားထဲမှာတော့ 'ဝသဝတ္တိ' ဆိုတဲ့စကားကိုပဲ ကြားလိုက်တယ်" ဟု ပြန်၍ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း 'ဝသဝတ္တိ… ဝသဝတ္တိ' ဟူသော စကားလုံးကို ထပ်ကာထပ်ကာ ရေရွတ်

နေမိလေ၏။ ထိုအချိန်၌မှာပင် ပုလိပ်ကိုမျိုးကျော်သည် လက်ဖျောက် တစ်ချက်ကို ဖြောက်ခနဲ တီး၍ -

"ဟုတ်ပြီ... ဟုတ်ပြီ၊ သေချာတယ်... သေချာတယ်၊ ကျုပ်လည်း သံသယ ရှိနေတာ၊ အခုတော့ သေချာသွားပြီ...၊ ကျုပ်က ဘုရားပွဲတော် ရက်တွေမှာ ပွဲခင်း လုံခြုံရေးတာဝန်ကျနေတာ၊ ဗမာစိန်ဇာတ်အဖွဲ့က အငြိမ့်ခေါင်းဆောင် အဘွားကြီးတစ်ယောက် ဒီအပ်ချုပ်ဆိုင်ကို အဝင်အထွက် လုပ်နေတာ ကျုပ်သတိထားမိတယ်...၊ ညတုန်းက ဒေါ်ဖာတမာရယ်၊ သူ့သား ဟာရှင်ရယ်၊ သူတို့အိမ်မှာ တောက်တိုမည်ရခိုင်းတဲ့ ကောင်လေးရယ် ပွဲလာကြည့်ကြသေးတယ်၊ အဲဒါ ကျုပ် သေချာတွေ့လိုက်တယ်၊ ကိုဒါဝတ်ကြီးကတော့ ပါမလာခဲ့ဘူး...၊

အဲဒီတော့ အသတ်ခံရတဲ့ မိသားစုဟာ အမာစိန်ဇာတ်အဖွဲ့နဲ့ ပတ်ကို ပတ်သက်နေတယ်၊ အမာစိန်အဖွဲ့ကလည်း ဝသဝတ္တီယိမ်းနဲ့ အရမ်းနာမည်ကြီးနေတယ်...၊ အဲဒီတော့ ကိုဒါဝတ်တို့ မိသားစုကို သတ်သွားတာဟာ ဝသဝတ္တီယိမ်းအဖွဲ့ထဲက ဖြစ်ကို ဖြစ်ရမယ်...၊ အဲဒီအဖွဲ့ကို အမြန်ဆုံး သွားဖမ်းဖို့ အရေးကြီးတယ်..."

ဟု အပိုင်ပြောလေတော့၏။ ထိုအခါ ပင်စင်သွားခါနီး ပုလိပ်ကြီး ကိုစိန်ထွန်းက -

"ဟေ့ကောင်... ဟေ့ကောင်၊ ထင်ရာမြင်ရာ လျှောက်မပြောနဲ့...၊ ပုလိပ်ဆိုတာ ထင်ရာမြင်ရာ လျှောက်ပြောပြီး တွေ့ကရာလူတွေကို အချုပ်ထဲကို ဖမ်းထည့်ရမယ်လို့ မင်းကို ပုလိပ်ကျောင်းမှာ သင်လိုက်လို့လား...၊ ဝသဝတ္တီအဖွဲ့ခေါင်းဆောင် အဘွားကြီး ဒီဆိုင်မှာ အင်္ကျီတွေ၊ ထဘီတွေ လာအပ်တာ ငါလည်း သိတယ်၊ ငါ ဘောင်းဘီ လာချုပ်ရင်းနဲ့ ငါနဲ့လည်း တွေ့တယ်၊ အဲဒီအဘွားကြီးက အသက်(၇၀)နား ကပ်နေပါပြီကွာ၊ ကိုဒါဝတ်လို အရပ်

ခြောက်ပေလောက် အားကောင်းမောင်းသန် ယောကျ်ားကြီး တစ်ယောက်နဲ့ ဒေါ်ဖာတမာလို ဗလကြီးမျိုးကို အဲဒီအဘွားကြီးက ဘယ်လိုလုပ်ပြီး သတ်နိုင်မှာတဲ့လဲ..."

ဟု မာမာတင်းတင်း ပြောလိုက်လျှင် ပုလိပ်ကိုညီအောင်က -

"ခင်ဗျားကြီးလည်း သေခါနီးနေပြီ...၊ ဘာတစ်ခုမှ အသုံးမကျလို့ အခုအထိ ဘာရာထူးမှ မရှိဘဲဖြစ်နေတာ မဟုတ်လား၊ ကျုပ်က မကြာခင်ရာထူးတိုးတော့မှာ...၊ ခင်ဗျားထက် အကွက်မြင်တယ် ဆိုတာသဘောပေါက်...၊ ယိမ်းအဖွဲ့ခေါင်းဆောင် အဘွားကြီးက သူ့ယိမ်းအဖွဲ့နဲ့ လာပြီး သတ်မှာပေါ့ဗျ...၊ ဒီလောက်ကလေးတောင် ခင်ဗျား မစဉ်းစားမိဘူးလား..."

ဟု မချေမင် ပြန်၍ပြောလေ၏။ ပုလိပ်ကြီး ကိုစိန်ထွန်းသည် ရှူးခနဲဒေါသထွက်သွားကာ ကိုညီအောင်အား လှမ်း၍ထိုးလေ၏။ ကိုညီအောင်က အသာတိမ်း၍ရှောင်ကာ ကိုစိန်ထွန်း၏ ရင်ဘတ်အား ခြေထောက်ကဖြင့်လှမ်း၍ကန်လေ၏။ ကျွန်ုပ်လည်း မြည်တွန်ဆဲရေး၍ နှစ်ဦးလုံးအား ဟန့်တားရလေ၏။

ပုလိပ်ကိုညီအောင်ကမူ ဝသဝတ္တီအဖွဲ့အား ဂါတ်သို့ခေါ်၍ စစ်ဆေးရန်ကိုသာ တွင်တွင် ပြောနေလေ၏။ ကိုမျိုးကျော်ကလည်း ဒေါ်ဖာတမာသေခါနီး၌ ဝသဝတ္တီဟု ပြောသွားသည်မှာ အကြောင်းရှိကို ရှိရမည်ဟုအခိုင်အမာ ပြောနေပြန်၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဝသဝတ္တီယိမ်းအဖွဲ့အား ဖမ်းဆီးစစ်ဆေးရန်ကို ခွင့်ပြုလိုက်ရ လေတော့၏။

တစ်ချိန်တည်းမှာပင် သေဆုံးသူ သုံးဦး၏အလောင်းကိုလည်း နွားလှည်းဖြင့်တင်ကာ ဆေးရုံသို့ပို့ရန် စီစဉ်ရလေ၏။ ကျွန်ုပ်သည် အန္တိမ္ဗာရုံမြင်ကွင်းများကို ဆက်၍မတွေ့လိုတော့ သောကြောင့် ထိုနေရာမှထကာ

အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။

အိမ်ရှေ့တွင် ဝိုင်းအုံနေကြသော လူများအနက် ကျွန်ုပ်၏ မိတ်ဆွေကလေး မောင်ဘကောင်း ကိုလည်း လှမ်း၍ မြင်လိုက်ရလေ၏။ ကျွန်ုပ်သည် မောင်ဘကောင်းကို မြင်လိုက်သော တစ်ခဏ၌ အတော်ပင် အားရှိသွားသလို ခံစားလိုက်ရလေ၏။

(မှတ်ချက်။ ။ ဦးချစ်ဖေဟူသော ပွဲစားကြီးတစ်ဦး အသတ်ခံရသောအမှုတွင် ကျွန်ုပ်သည် ငင်းကျားလေးဘကောင်း၏ အကူအညီဖြင့် တရားခံနှစ်ဦးကို နာရီပိုင်းအတွင်းမှာပင် ဖမ်းဆီး နိုင်ခဲ့ပေသည်။ ထိုအကြောင်းအရာကိုလည်း ကျားလေးဘကောင်း နှင့် ရာဇသူဖွားစောကျိန်စာ ဟူ၍ ဝတ္ထုအသွင် ရေးသားကာ တင်ဆက်ခဲ့ဖူးပေသည်။

စာရေးသူ)

ကျွန်ုပ်သည် မောင်ဘကောင်းအား လက်ယပ်၍ လှမ်းခေါ်လိုက်၏။ မောင်ဘကောင်းလည်း လူအုပ်ကြားမှ တိုးထွက်ကာ ကျွန်ုပ်၏အနီးသို့ လျှောက်လာရင်း -

"အဘဦးစိမ်းမောင်ရဲ့ ပုဆိုးလေးတစ်ကွင်း ဒီဆိုင်မှာ အပ်ထားလို့ လာရွေးတာ အန်ကယ်ရဲ့...၊ အခု ပုဆိုးကတော့ ဘယ်ဆီနေမှန်း မသိဘူး၊ လူသတ်မှုနဲ့ တည့်တည့် တိုးနေပါရောလား..."

ဟု ပြောလေ၏။

ကျွန်ုပ်လည်း နဖူးမှချွေးများကို လက်ဖြင့်သပ်ချရင်း -

"ဟုတ်တယ် မောင်ဘကောင်းရေ...၊ ကိုယ်လည်း တော်တော် အကြံရခက်နေတယ်...၊ ဒေါ်ဖာတာမာကြီး ကတော့ သေခါနီးလေးမှာ ဝသဝတ္တီဆိုတဲ့ စကားကို နောက်ဆုံး ပြောသွားတယ်၊ အဲဒါနဲ့ပဲ ကိုညီအောင်တို့၊ ကိုမျိုး

ကျော်တို့ကတော့ ဝသဝတ္တီဇာတ်အဖွဲ့ကို သွားဖမ်းကြလေရဲ့..."

ဟု ခပ်ညည်းညည်းကလေး ပြောလျှင် ကျားလေးဘကောင်းသည် အဓိပ္ပာယ် အရာအထောင် ပြွမ်းသော အပြုံးတစ်ချက်ကို ပြုံးလေ၏။ ထို့နောက် -

"စဉ်းစဉ်းစားစားလည်း လုပ်ပါ အန်ကယ်ရယ်...၊ ဇာတ်အဖွဲ့မှာက လူတစ်ရာ နီးပါးလောက် ပါလာတာ...၊ အဲဒီအထဲမှာ ဝသဝတ္တီယိမ်း အဖွဲ့ကို ချည်းပဲ ဖမ်းမယ် ဆိုရင်တောင် လူအစိတ်လောက် ရှိမယ်၊ လူသုံးယောက်ကို လူအစိတ်လောက်က ဝိုင်းသတ်မယ် ဆိုရင်တော့ ဘေးက မမြင်မကြားစရာ အကြောင်း မရှိနိုင်ပါဘူး..." ဟု ပြောလျှင် ကျွန်ုပ်က -

"ကိုယ်လည်း မစဉ်းစားတတ်သေးလို့ပေါ့ မောင်ဘကောင်း ရယ်...၊ ကူညီနိုင်သလောက် ကူညီစမ်းပါဦး..."

ဟု ပြော လိုက်မိလေ၏။ ထိုအခါ ကျားလေးဘကောင်းက -

"ကျွန်တော် အထဲကို တစ်ချက်လောက် ဝင်ကြည့်ချင်တယ်..." ဟု ပြောသောကြောင့် ကျွန်ုပ်လည်း ၎င်းနှင့်အတူ အခင်းဖြစ်ပွားရာသို့ တစ်ခေါက်ပြန်၍ ဝင်ရပြန်လေ၏။

ထိုအချိန်၌ ကျွန်ုပ်၏ တပည့်များသည် အလောင်းများကို လှည်းပေါ်သို့ တင်ရန် ကျွန်ုပ်၏ အမိန့်ကိုစောင့်ရင်း အလောင်းများအနီး၌ ရပ်နေကြလေ၏။ မောင်ဘကောင်းသည် အေးအေး လူလူပင် တစ်လှမ်းချင်း တစ်လှမ်းချင်းလျှောက်ရင်း တစ်အိမ်လုံးကို မျက်စိကစား၍ ကြည့်နေလေ၏။ ထို့နောက် အလောင်းများအနီးသို့ သွား၍ ငုတ်တုတ်ထိုင်ကာ စေ့စေ့စပ်စပ်ကြည့်လေ၏။ ထို့နောက် -

"ဒီအိမ်မှာ ကိုဒါဝတ်ရယ်၊ သူ့မိန်းမရယ်၊ သူတို့သားလေး ဟာရှင်ရယ်

မိသားစုသုံးယောက် နေကြတယ်၊ အခု အဲဒီသုံးယောက်စလုံး အသတ်ခံရတယ်...၊ ဒီအိမ်မှာ ရေခပ်ထင်းခွဲ၊ တောက်တိုမည်ရ လာလုပ်တဲ့ ကောင်လေးတစ်ယောက် ရှိတယ် လို့လည်း သိရတယ်...၊ အဲဒီကောင်လေးက ဒီအိမ်ကို မနက် မနက်ဆို လာပြီး ညပိုင်းတွေမှာ သူ့အိမ်သူ ပြန်အိပ်တယ်လို့ သိရတယ်...၊ အဲဒီကောင်လေးကို ကျွန်တော်တွေ့ချင်တယ်"

ဟု ပြောသောကြောင့် ကျွန်ုပ်လည်း ပုလိပ်ကလေး တစ်ယောက်အား ထိုသူငယ်လေးအား ခေါ်ရန် စေလွှတ်ရလေ၏။ ထိုသူငယ်လေးမှာ ကိုဒါဝတ်တို့နှင့် အိမ်ချင်းကပ်လျက် ဖြစ်သောကြောင့် ချက်ချင်းဆိုသလိုပင် ရောက်လာလေ၏။ ဆယ့်ကိုးနှစ်သားခန့် ထိုသူငယ်လေးသည် ကြောက်ရွံ့ကာ တစ်ကိုယ်လုံး တုန်နေလေ၏။

"ကျွန်... ကျွန်တော်... မသတ်ပါဘူး၊ သတ်ဖို့မပြောနဲ့ သူ့ဟာသူ သေနေတာကိုတောင် မကြည့်... မကြည့်ရဲပါဘူး"

ဟု ငိုသံပါကြီးဖြင့် ပြောရင်း အလောင်းများကို ကြည့်မိမည် စိုးသောကြောင့် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလေ၏။

မောင်ဘကောင်းသည် ထိုသူငယ်လေးအား ချော့မော့ နှစ်သိမ့်၍ စကားအနည်းငယ် ပြောကာ ပြန်လွှတ်လိုက်လေ၏။ ထို့နောက် -

"အန်ကယ်ရေ...၊ အခု အန်ကယ့်အဖွဲ့ သွားဖမ်းနေတာက ဗမာစိန်အဖွဲ့က ဓာတ်သမားတွေကို သွားဖမ်းနေတာ...၊ တကယ်က ဓာတ်သမားတွေကို ဖမ်းရမှာ မဟုတ်ဘူး၊ ဖဲသမားတွေကို ဖမ်းပြီး စစ်ရမှာ..."

ဟု အဆက်အစပ်မရှိ ပြောလိုက် သောကြောင့် ကျွန်ုပ်လည်း -

"ဘာ... ဖဲသမားတွေကို ဖမ်းရမှာ ဟုတ်လား..."

ဟု တအံ့တဩ ရေရွတ်လိုက်မိပါလေတော့ သတည်း။ ။

***